


# ဖော့ဝိန်းမြို့တော်

## စွန့်ပစ်ပစ္စည်း ပညာပေးနှင့် ကွင်းဆင်းမှု အစီအစဉ်

# အမှိုက်သိမ်းခြင်း ဝန်ဆောင်မှုများ

ဖော့ဝိန်းမြို့တော်သည် City of Fort Wayne's Solid Waste Department မှတဆင့် အိမ်ထောင်စု ပေါင်း ၈၃,၃၀၀စုအား နေ့စဉ်နေ့တိုင်း အကောင်းဆုံး အမှိုက်ကောက်ခြင်း ဝန်ဆောင်မှုများ ပေးနေပါသည်။



# လူနေရပ်ကွက်အမှိုက်များနှင့် ပြန်လည် အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများ သယ်ယူပို့ဆောင်သော လုပ်ငန်းအသစ်

## *GFL Environmental USA Inc.*

GFL သည် မြောက်အမေရိကတိုက်တွင် စတုတ္ထအကြီးဆုံး မတူကွဲပြားသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုပေးသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ကနေဒါ နိုင်ငံတစ်ဝှမ်းနှင့် အမေရိက ထက်ဝက်ကျော်တို့တွင် စက်ရုံများစွာရှိပါသည်။ ၂၀၂၀ ခုနှစ် ရွှေ့ပြောင်း စခန်းတစ်ခု လည်ပတ်စဉ်ကစပြီး GFL သည် ဖော့ဝန်း မြို့တွင် အလုပ်အတွေ့အကြုံရှိခဲ့ပါသည်။ အင်ဒီယာနားပြည်နယ် ကလေးပိုးလ် (Claypool) မြို့တွင်လည်း အမှိုက်ပုံရှိပါသည်။




# လေလံသတ်မှတ်ချက်များ

မြို့တော်၏လိုအပ်ချက်များ ပြည့်မီရန် လေလံသတ်မှတ်ချက်များနှင့်စာချုပ်သစ်များတွင် တိုးထပ်ဝန်ဆောင်မှုများနှင့် ရှေ့ဆက်ရည်မှန်းချက်များ လုပ်ဆောင်နိုင်ရန် ယခင်အောင်မြင်မှုများနှင့် လိုအပ်သော အတွေ့အကြုံများ ရှိရမည်ဟု သတ်မှတ်ချက်များ ပါရှိပါသည်။



# ဝယ်ယူသူများ၏လက်ရှိဝန်ဆောင်မှုများ ဆက်လက်လုပ်ဆောင်

Recycle အဆိုင်း A နှင့် B နှင့် ပက်သက်၍ အပြောင်းအလဲရှိလိမ့်မည်မဟုတ်ပေ။ အိမ်ရှင်များသည် မြို့တော်က ပေးထားသော အမှိုက်ပုံးများဖြင့် ဆက်လက် အသုံးပြုကြရပါမည်။ အမှိုက်ကောက်ဖို့ ကျန်ခဲ့လျှင် ၃၁၁ သို့ အရင်လိုဆက်သွယ်နိုင်ပါသည်။



CITY OF FORT WAYNE
KE-KI ON-GA
INDIANA

# အမှိုက်သိမ်းရာတွင် အပြောင်းအလဲများ

ဇူလိုင်လ ၁ရက်နေ့မှစ၍ အမှိုက်သိမ်းရာတွင် အပြောင်းအလဲ အနည်းငယ် ရှိပါမည်။

မြို့တော်ကပေးထားသော အမှိုက်ပုံးနှင့် အပိုအမှိုက်အိပ် သုံးအိပ်ကို ဆက်လက်သိမ်းပါမည်။

အစုလိုက် အမှိုက်များအား မြို့တော့မှ သိမ်ပါမည်။ အိမ်ရှင်မှ ၃၁၁ သို့ဆက်သွယ်ပြီး လာရောက် သယ်ယူရန် စီစဉ်ရပါမည်။

